မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကို

ရှာဖွေဆည်းပူးရန်အတွက် သင်ယူအပ်သော သာသနာ့ပညာကို

လောကီ၏ အကျိုးအမြတ်ကို ရရှိရန်အတွက်သာ သင်ယူခဲ့လျှင်၊ထိုသူသည် ကိယာမသ်နေ့တွင် ဂျန္နတ်သုခဘုံ၏ အနံ့ကိုပင်ရရှိလိမ့်မည် မဟုတ်ပေ။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသ
ည်။ "မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကို ရှာဖွေဆည်းပူးရန်အတွက်
သင်ယူအပ်သော သာသနာ့ပညာကို လောကီ၏ အကျိုးအမြတ်ကို ရရှိရန်အတွက်သာ သင်ယူခဲ့လျှင်၊
ထိုသူသည် ကိယာမသ်နေ့တွင် ဂျန္နတ်သုခဘုံ၏ အနံ့ကိုပင် ရရှိလိမ့်မည် မဟုတ်ပေ။ "
ဆိုလိုသည်မှာ ဂျန္နတ်၏ သင်းပျံ့သောရနံ့ကိုပင် ရရှိမည်မဟုတ်ပေ။
[صحيح] [رواه أبو داود وابن ماجه وأحمد]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်မှာ- မည်သူမဆို မူလအားဖြင့် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကို ရရှိရန်အတွက်သာ ရည်ရွယ်၍သင်ယူအပ်သည့် သာသနာ့ပညာရပ်ကို ဤဘဝလောကမှ ရုပ်ဝတ္ထုပစ္စည်း၊ ငွေကြေး၊ ဂုဏ်သိက္ခာစသည့် အကျိုးအမြတ်တစ်ခုခုကို ရရှိရန်အတွက်သာ သင်ယူခဲ့လျှင်၊ ထိုသူသည်ကိယာမသ်နေ့တွင် ဂျန္နတ်သုခဘုံ၏ အနံ့ကိုပင် ရရှိမည်မဟုတ်ပေ။

https://sunnah.global/hadeeth/my/show/6262